ရွှေကျင်ကုန်းကျေးရွာ

မိုးညှင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွှေကျင်ကုန်းကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

လွင်ဦးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၈**

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ **လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏ **စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းစရိယာ**

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**
ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲများ**
ဇယား ၂၄ **ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**
ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုန်းမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ **လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား ၄၅ **ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
ဇယား ၄၆ ယာဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက ်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရွှေကျင်းကုန်းကျေးရွာ
မိုးညှင်းမြို့နယ်

ရွှေကျင်ကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)။ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရွှေဘိုမြစ်ကြီးနားကားလမ်း နှင့် နှစ်ဖာလုံမျှအကွာတွင်ရှိပြီး အုပ်ချုပ်ရေးရုံး စိုက်ရာမိုးညှင်းမြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူသည်။ ကျေးရွာသည်တောင်ကုန်းပေါ်တွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးပင်ဖြစ်သည်။ဒေသ၏တစ်နှစ် ပျမ်းမျှ ၆၉.၈၁ ရရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက်အတင့်တင့်အထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းဒေသဖြစ်၍ ဆားငန်းရေဝင်ရောက်မှုမှ ကင်းလွတ်သည်။ ကျေးရွာတွင်တောင်တန်း ချောင်းရှိပြီး မြေပြင်အနေအထားမှာ လူနေအိမ်တည်ရှိရာသည်ကုန်းမြင့် ပိုင်းနှင့် ချိုင့်ဝှမ်းမြေနိမ့်ပိုင်း ဒေသတွင်လယ်မြေများရှိသည်။ လယ်မြေများတွင် စပါး၊ ပဲပုတ်စိုက်ပျိုး ထုတ်လုပ်ရန်နှင့်အသက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိကအားထားရာဖြစ်သည်။ မိုးရာသီ စပါး စိုက်ပျိုးရပြီးကာလ ဇူလိုက်၊သြဂုတ်လတွင် မိုးရွာသွန်းမှုများ၍ ရေလွှမ်းခြင်းရှိသော်လည်း ကောက်ပဲသီးနှံပျက်စီးဆုံးရှုံးမှုနည်းပါးပါသည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်သင့်ရှိသော်လည်း လူနေအိမ်ထောင်စုဦးရေနှင့် နှိုင်းယှဉ်ပါက နည်းပါသည်။လယ်ယာမြေသည်မြေပြန့်တွင်ရှိ၍ မြေဆီလွှာအသင့်သင့်ကောင်းမွန်သည်။ လယ်မြေဧက (၃၂၉) အနက် (၂၀၀)ဧကကျော်မှာ မိုးရေနှင့် ချောင်းရေကိုသာ အားထားစိုက်ပျိုး ကြသည်။ ထွန်ယှက်စိုက်ပျိုးနိုင်သော လယ်မြေဧကမှာ (၃၂၉) ဧက ရှိပြီး စပါး ၊မြေပဲ ၊ပဲပုတ်နှင့် ရာသီပေါ်သီးနှံများစိုက်ပျိုးကြသည်။

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၈၈)စုနှင့်ကျား(၄၇၆)၊ မ(၅၃၃)ဦးဖြင့် လူဦးရေပေါင်း(၁၀၀၉)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅.၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် ပိုပါသည်။ ကျေးရွာတွင် ရှမ်းလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ ၆၄.၅ ရာခိုင်နှုန်း ခန့်ရှိသဖြင့် လူသားအရင်းမြစ်ကောင်းတစ်ယောက်ဖြစ်ကာ လူငယ်များ ကိုလေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးဖွင့်ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိအမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၃.၅ ရာခိုင်နှုန်းမျှပို များသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးနှင့် ကျပန်းများဖြစ်ကြသည်။ တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမှန်အားဖြင့်လျော့နည်းပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင်

အိမ်ထောင်စုအားလုံး၏ ၇၀.၇ ရာခိုင်နှုန်း သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအဖြစ် အိမ်ထောင်စုအားလုံးခံယူကြပြီး ၂.၁ရာခိုင်နှုန်းမှာဆင်းရဲသော တောင်သူ ၀.၆ ရာခိုင်နှုန်းမှာချမ်းသာသည့် အဆင့် ၂၆.၆ ရာခိုင်နှုန်းသည် အလယ်အလတ်အဆင့်ရှိကြသည် ။ ကျေးရွာတွင်စိုက်ပျိုးမြေပိုင်ဆိုင်မှုနည်းသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု လက်လှမ်းမှီမှု လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် မိုးရာသီချောင်းရေနှင့်စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအသင့်သင့်ကောင်းသည်။ချမ်းသာသောအိမ်ထောင်စုများအပြင် အခြားအိမ်ထောင်စုအချို့မှာ လက်သမား၊ပန်းရန်၊ ဆန်ကြိတ်စက်၊ စသောအသေးအစားအိမ်းတွင်းမှုလုပ်ငန်းများရှိသည်။ထိုလုပ်ငန်းများတွင်လည်းပါဝင်ဆောင်ရွက်ကြသည်။အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေးအသင့်သင့် အဆင်ပြေကြသည်။

ယင်းတို့အနက်ဆင်းရဲအဆင့်သည်ကျေးရွာတွင် အများဆုံးဖြစ်ပြီး ၊ လယ်ယာအနည်းငယ်ပိုင်ဆိုင်သော လယ်သမားများ ၊ လက်လုပ်လက်စားဆောက်လုပ်ရေးလုပ်ငန်းတွင်လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်ကြသည်။ ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုအရေအတွက် မြင့်မားပြီး ၇၀.၇ ရာခိုင်နှုန်းထိရှိကာဆင်းရဲ အလွန်ဆင်းရဲအဆင့်ရှိအိမ်ထောင်စုများရှိသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက်လုပ်ငန်း၊ လက်သမားပန်းရံ လုပ်ငန်း ကုန်စိမ်း၊ လက်လီလက်ကာစျေးသည်များ ၊ဆန်ကြိတ်စက် တနိုင်တပိုင်လုပ်ငန်းများလုပ်ကိုင်နိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စု ၇၀.၇ ရာခိုင်နှုန်း မှာအငှားလုပ်ငန်းများလုပ်ကိုင်ပြီး ဝင်ငွေမလုံလောက်၍ ကျောက်တွင်းများသို့ ကျောက်တူးလုပ်ငန်းကို သွားရောက်လုပ်ကိုင်ကြသည်။ သူတစ်ပါးထံမှ ချေးငှားပြီး နပ်မှန်အောင်စားသုံးသည့်မိသားစု ၃၀ ရာခိုင်နှုန်းခန့်ရှိသည်။ကျဘန်းလုပ်သားများသည် ကျောက်တွင်း၌ အလုပ်လုပ်ရင်း မူးယစ်ဆေးသုံးစွဲမှုများရှိလာကာ ရောဂါကူးစက်မှုများ ပေါများလာပါသည်။ မူးယစ်ဆေး၀ါး သုံးစွဲမှုကြောင့် ခိုးမှု စသည့်ရာဇ၀တ်မှုများရှိလာပါသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စု (၇၄) အိမ်ထောင်စု တွင် ငွေချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်ကြသည်။ အိမ်ထောင်စု ၂၀ ရာခိုင်နှုန်းသည် ငွေနှင့် ရိက္ခာကို ဆွေမျိုး မိတ်ဆွေများထဲမှ ချေးယူပြီး သုံးစွဲနေကြသည်။ အကြွေးတင်မှုများ အကြွေးငွေ ၂၀၀၀၀ ကျပ်မှ ၁၀၀၀၀၀၀ ကျပ်ထိတင်ရှိပါသည်။

ကျေးရွာတွင် မိသားစုရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော အသန်စွမ်းသူ တစ်ဦးရှိပါသည်။အိမ်ထောင်စု အားလုံး၏ ၃ ရာခိုင်နှုန်းသည် အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကြသည်။ထို့အတူ အိမ်ထောင်ဦးစီးက ကျောက်မော်သို့ သွားရောက်လုပ်ကိုင်ကြသော အိမ်ထောင်စုများမှာ ၂၀ စုနှင့် မုဆိုးဖို တခုလပ် ဦးဆောင်သည့် အိမ်ထောင်စု ၄ စု သည် ဆင်းရဲသည့် ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။

ကျေးရွာ၏ ပြင်ပသို့ရောက်ပြီးဝင်ငွေရရှိရေးအတွက်အလုပ်သွားရောက်လုပ်ကိုင်ကြသည့်လူငယ်လူရွယ်များသည် လိမ်မှတဆင့်ကူးစက်သောရောဂါများနှင့် အရက်မူးယစ်ဆေးဝါးအန္တရာယ်များရှိနေတတ်သည်။

ယခုနှစ်ပိုင်းများတွင် အဝေးပြေးကားလမ်းမနှင့် မနီးမဝေးတွင်တည်ရှိပြီးယဉ်မတော်တဆမှုများ များပြားလာသည်။လွန်ခဲ့သောနှစ်က ယာဉ်မတော်ဆမှု (၁၅)မှု ဖြစ်ပွားခဲ့ပြီးရွာသားအချို့ ထိခိုက်မှုများဖြစ်ပွားခဲ့သည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာအတွင်းတွင်ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အဟာရပြည့်ကြသည်။ကလေးလူငယ်အများစုသည် ကျန်းမာကြသည်။သွေးလွန်တုတ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွားမှုရှိသည်။ အမျိုးသမီးကလေး လူငယ်လူရွယ် သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်ရှိကြသည်။ကျေးရွာအတွင်းရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ရရှိနိုင်ပြီး တစ်ဖာလုံခန့်ကွာဝေးသော ဘီလူးအုပ်စုတွင် ကျေးရွာကျန်းမာရေးဆရာမ၏ ဆေးခန်းသို့လည်ကောင်း ရွာနှင့် (၅) မိုင်ခန့်ကွာဝေး သော မိုးညှင်းမြို့ရှိ ပြည်သူ့ဆေးရုံ ၊ ဆေးဆိုင်များနှင့်လက်လှမ်းမှီသည်။

ကျေးရွာတွင်မြေအောက်ရေရရှိနိုင်သဖြင့် ရေမှ ဝမ်းပျက် ဝမ်းလျော တိုက်ဖိုက်၊ အစာအိမ်စားသော ရောဂါဖြစ်ပွားမှုနည်းပါးသည်ကိုတွေ့ရသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရသည်။ ရွာသားအများစုသည် အခြေခံအရေး အဖတ် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်သင့် များပြားသည်။ အခြေခံပညာရေးကို ကျေးရွာအတွင်းမူလတန်းကျောင်း၌ သင်ယူတတ်မြောက်ပြီး နှစ်ဖာလုံခန့်ဝေးသော အထက်တန်းသို့တက်ရောက်သင်ကြားနိုင်သည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ် များအတွက် အလုပ်အကိုင်အခွင့် အလမ်းနည်းပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျား/မရေးရာဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား/မရေးရာဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှု အဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့် မ အကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရသေးပါ။

ကျေးရွာတွင် အမျိုးသား/အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် မူလတန်း၊ အလယ်တန်း အထက်တန်းအဆင့်၌ မိန်းကလေးအရေအတွက်သည်

ယောက်ကျားလေးအရေအတွက်ထက် နည်းသော်လည်း အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့်တွင် မိန်းကလေးအရေအတွက်မှာကျားအရေအတွက်ထက် ပို များနေ၍ အမျိုးသမီးများ အတွက်ပညာ သင်ယူရေးဆိုင်ရာ အခွင့် အရေးမှာအမျိုးသားများနှင့် အတူပင်ဖြစ်သည်။

သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာအလွန်လျော့နည်းလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများမြှင့်တက်အောင်ဆောင်ရွက်ခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်းမရှိပါ။ဘာသာရေးနှင့် လူမှုရေးဆိုင်ရာအဖွဲ့အစည်းဟူ၍ သီးသန့်မရှိဘဲ မြို့နယ်တွင်သာပါဝင်လုပ်ရှားမှုရှိသည်။ အမျိုးသမီးရေးရာအဖွဲ့ဟူ၍ သီးသန့်မရှိဘဲ အုပ်စုအဖွဲ့ ၌သာအနည်းငယ်ရှိသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာစပါး၊ မြေပဲ၊ ပဲပုတ် အဓိကစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၃၂၉) ရှိပြီး သီးထပ်အဖြစ် မြေပဲ၊ ပဲပုတ်တို့ကို စိုက်ပျိုးကြသည်။ စပါးအထွက်မှာ ၇၀ တင်း၊ မြေပဲ(၂၀) တင်း ပဲပုတ်(၁၅) တင်းထွက်ရှိကြသည်။ မိုးစပါးကို မိုးရေနှင့် ချောင်းရေ ကို အဓိကသွင်းစိုက်ပျိုးကြသည်။

တောင်သူအများစုမှာ လုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမို ပေး၍ အလုပ်သမားများကို ဌားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားကြရသည်။

ကျေးရွာတွင်တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းဟူ၍ မရှိပါ။

(ဂ)စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားလုပ်ငန်း၊ ဈေးရောင်း၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် အခြားလုပ်ငန်းများလုပ်ကိုင်ကြသည်။ လက်လုပ်လက်စားလုပ်ငန်းများမှာ စိုက်ပျိုးရေးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုမရှိကြပေ။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သော ဦးရေများပြီး ကျေးရွာ၏ အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းများရှိသော်လည်း အသိပညာ အတတ်ပညာ အချို့ကိုဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊

မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျော့ စသည်တို့သည် အသက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်သော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းနှင့် အထိအတွေ့နည်းပါးသည်။ သင်တန်းကုန်ကျစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်အတတ်နိုင်ကြောချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စု အချို့သာ အပ်ချုပ် စက်ပြင်သင်တန်းသို့ သင်ကြားကြသည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် မြေပဲ၊ ပဲငုပိများ စိုက်ပျိုးရာတွင် အဖျက်ပိုးများနှင့် ကြွက်များ ကျရောက်သဖြင့် ဓာတုဆေးနှင့် ဓာတုမြေဩဇာများ အသုံးပြုမှုများလာခြင်းကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ ကျေးရွာပတ်ဝန်းကျင်တွင်း ရေဆိုးရေအိုင်များရှိပြီး ငှက်ပိုးအတွက် အားပေးအားမြောက်ရှိပြီး ကျေးရွာသားများပေါင်းစု ဖြေရှင်းဆောင်ရွက်သင့်သည်။ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်သင့်သည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် ပုံစံ(၇) မရှိသေးသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ငွေထုတ်ချေးခြင်းမရှိသည်ကို တွေ့ရသည်။ ကျေးရွာတွင်းရှိတောင်သူများသည် မိတ်ဆွေမိသားစုများထံမှ အတိုးနှုန်း ၆၀ ရာခိုင်နှုန်းဖြင့် ချေးယူကြသည်။ ကျေးရွာတွင်သမ ဝါယမ အသင်းကိုဖွဲ့စည်းထားခြင်းမရှိပါ။

ကျေးရွာအများစုသည် ချေးငွေကိုအကြောင်းအရင်းမျိုးစုံတို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက်ချေးယူကြပြီး ကျေးရွာတွင်ချေးငွေလိုအပ်ချက်များပြားခြင်းကြောင့် တွေ့ရှိရသည်။ကျေးရွာအတွင်းအကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်ချက်အရ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ ၂၀၀၀၀ ကျပ်မှ ၁၀၀၀၀၀၀ ကျပ်ထိယူထားကြကြောင်းတွေ့ရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းပညာကို ၁၂၀ပေ၊ ၃၀ ပေ၁၂ပေ အရွယ်အစားရှိ သွပ်မိုး၊ အုပ်နံရံ အင်္ဂဒေခင်း တစ်ထပ်ကျောင်းဆောင်တွင် သင်ကြားပေးသည်။ ရွာသားအားလုံးရေးတတ်ဖတ်တတ်ကြပြီး မူလတန်းအောင်နှုန်းမြင့်မားသည်။ ယခုနှစ်ကျောင်းအပ်နှံမှုနှုန်းထားသည် ရာနှုန်းပြည့်မှီသည်။ ကျောင်းတွင်ပရိဘောဂလုံလောက်မှုရှိပြီး ဆရာမဦးရေ(၆)ဦး တိုင်းရင်သားဘာသာအရပ်ခန့်(၁)ဦး ရှိသည်။ကျောင်းဆရာမ အင်အားလုံလောက်မှုရှိသည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသော်လည်း တစ်ဖာလုံခန့်ဝေးသော အုပ်စုကျေးလက်ဆေးပေးခန်း နှင့်နီးသည်။ မြို့နယ်နှင့်(၅) မိုင်သာဝေးသဖြင့် ရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုလက်လှမ်းမှီသည်။ လျှပ်စစ်မီးရရှိနေပြီဖြစ်၍ လိုအပ်သောဆေးများအတွက်

ကျေးလက်အုပ်စုဆေးခန်းတွင် ရေခဲ့သေတ္တာသုံးပြီးသိုလှောင်နိုင်သည်ကို တွေ့ရသည်။

သောက်သုံးရေကိုရေတွင်းမှ မော်တာရေတုံကင်များဖြင့် အသုံးပြုနိုင်ပြီး သုံးရေကို ချောင်းရေမှ အဓိကထာသုံးပြုနိုင်ကြသည်။

ကျေးရွာတွင် တစ်ရွာလုံးနီးပါ ယင်လုံအိမ်သာကို ဆောက်လုပ် အသုံးပြုနိုင်ကြသဖြင့် ရေကြောင့်ဖြစ်ပွားတတ်သောရောဂါများဖြစ်ပွားမှုနည်းပါးသည်။ စာသင်ကျောင်းတွင် ကျောင်းအိမ်သာမှာစနစ်တကျ ဆောက်လုပ်ထားပြီးကျောင်းသူကျောင်းသားများအတွက် အသုံးပြုရန်လွယ်ကူသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက်အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပါ။ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင်တက်ကြွစွာဆောင်ရွက်ကြပြီး ဘာသာရေးဆောင်ရွက်ကြပြီးဘာသာရေးပွဲတော်တွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ရိုးရာအကဖြင့်တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။ဖွံ့ဖြိုးရေးလုပ်ငန်းသီသန်းဖော်ဆောင်ခြင်းမရှိသေးချေ။

(ဇ) အခြေခံအဆောက်အဦးလမ်းတံတား၊လျှပ်စစ်မီးစွမ်းအား၊ သတင်းနှင့်ဆက်သွယ်

ကျေးရွာအတွင်း မြေသားလမ်းဖြစ်ပြီး လမ်း(၄)လမ်းရှိသည်။ လမ်းအရှည်စုစုပေါင်း(၄) ဖာလုံခန့်ရှိသည် မိုးရာသီတွင်သွာလာရန်ခက်ခဲသည် ကိုတွေ့ရသည်။ လမ်းပန်ဆက်သွယ်ရေး၌ ဆိုင်ကယ်(၂၆၃) စီး၊ စက်ဆီ(၆၈) စီး၊သုံးဘီးထော်လာကျီ(၃၈) စီးနှင့် ကား(၁၉) စီးတို့ကို အသုံးပြုကြသည်။

ကျေးရွာတွင်လျှပ်စစ်မီးကို ၂၀၁၅ ခုနှစ်မှ စတင်ရရှိပြီး ကျေးရွာ အိမ်ထောင်စုအားလုံး၏တွင်(၁၂၃) အိမ်ထောင်စုမီသွယ်တန်း အသုံးပြုနေပြီးဖြင့်၍ ၆၀ ရာခိုင်နှုန်းခန့် ရှိသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ကျေးရွာတွင်အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်သင့်မျှတကောင်းမွန်ကြပြီးအခြားအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်ကြသည်။ ကျေးရွာအတွင်းစာကြည့်တိုက် မရှိသေးပါ။ ရွာသားများသည်။သတင်းစာ ဂျာနယ် မဂ္ဂဇင်းတို့ကို လည်းဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာ ဖြင့် တယ်လီဖုန်းနှင့်သတင်ဆက်သွယ်ရေးမှာအတော်အသင့်ကောင်းမွန်ကြောင်းတွေ့ရသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံးရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော်ရွာသားများသည် မိုဘိုင်း တယ်လီဖုန်းဆက်သွယ်ရောင်းဝယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအချက်အလက်အတွက် လိုအပ်သလိုဆက်သွယ်နိုင်သည်။ ကျေးရွာတွင်သဘာဝဘေးအန္တရာယ်လျော့ပေါ့ရေး အစီအစဉ်သီးသန့်ရေးဆွဲ

ထားခြင်း မရှိပါ။ ရွာသားများသည် မြို့နယ်ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားမှုနည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင်လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာပြီး လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေသည်။ လူနေမှုအဆင့်အတန်းမြှင့်မားလာရေးအတွက် အထောက်အကူပြုသည်။

လူငယ်ပညာတတ်အတင့်တင့်ရှိပြီး လူဦးရေအားလုံး၏ ၆၄.၅ ရာခိုင်နှုန်းမှာအလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်သင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းမှု သင်တန်းများတက်ရောက်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးဝန်ဆောင်မှုများလက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောကုသမှုများလိုအပ်လျှင် မိုးညှင်းမြို့ဆေးရုံသို့သွားရောက်ပြီးဆေးကုသမှုများခံယူနိုင်ကြသည်။ ကျေးရွာတွင်စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိအနေအထားအတွက်အသင့်သင့်တွင်ရှိသည်။

သဘာဝအရင်းမြစ်များတွင် လယ်မြေများသည် မြေပြန့်တွင်ရှိပြီး မြေဆီသြဇာ အတော်အတင့်ကောင်းမွန်သည်။တောင်သူများသည်လည်း လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်နိုင်ကြသည်။ မိုးရွာသွန်းမှုမှာစပါးနှင့် ဆောင်းသီးနှံအတွက်စိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ကျေးရွာတွင် မိုးစပါး လယ်မြေဧကကို (၃၂၉) ဧက ကို မိုးရေ ချောင်းရေများဖြင့်သာ စိုက်ပျိုးနိုင်သည်။ ကျေးရွာသည် မိုးညှင်းမြို့သို့ ကတ္တရာလမ်းဖြင့် ကူးသန်းသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်မွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မှီတင်ပို့ရောင်းချနိုင်ပါသည်။

ကျေးရွာတွင်ရာဇဝတ်မှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့အဆင်ပြေစေပါသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ကျေးရွာတွင် အသုံးပြုနိုင်မှုမှာ အသင့်သင့်ကောင်းမွန်ကြပြီး အခြားသတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်ကြသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိလယ်မြေများမှာ မြေဆီလွှာအသင့်သင့်ရှိသည်မှအပ အခြားသဲယဇာတများ မထွက်ရှိပါ။လယ်ယာမြေထပ်မံတိုးချဲ့ရန်မဖြစ်နိုင်သဖြင့် လယ်မြေများအဖို့အထွက်နှုန်းတိုးတက်အောင် အားစိုက်ရပေမည်။လယ်ယာမြေများတွင်ပိုးသတ်ဆေးကို ခံနိုင်သော ဖျက်ပိုးများကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပါတ်သက်၍ ထိရောက်စွာအကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနိမ်နင်းရေးကျင့်သုံးနိုင်ရေး အထောက်အပံ့များရရှိရန်လိုအပ်သည်။ကျေးရွာတွင် ငွေတိုးချေးပေးသူရှိသော်လည်း အတိုးနှုန်းမြင့်မားသည်။ချေးငွေလိုအပ်သောအိမ်ထောင်စုများမှာစီးပွားရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်၊ များမှ ငွေချေးရန်စာရွက်စာတမ်းလိုအပ်ချက်များဖြည့်စွက်ရန်အခက်အခဲကြုံတွေ့ရရတတ်သည်။

ကျေးရွာတွင်အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်း မရှိသဖြင့်အလုပ်အကိုင်နှင့်ဝင်ငွေပုံမှနရရှိရေးအတွက် အကန့်အတတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းအတွက် ကုန်ကြမ်း၊ အတတ်ပညာ အထိအတွေ့တို့အားနည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ အသက်မွေးပညာသင်တန်းများ ရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးများလူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းစေပြီး လူငယ်များ အသိပညာ အတတ်ပညာများ ဖွံ့ဖြိုးလာပြီး မူးယစ်ဆေးအန္တရာယ်မှ ကင်းလွတ်နိုင်စေမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအဖွဲ့အစည်းပြီး ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊ နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပြင် အခြားလုပ်ငန်းလုပ်ကိုင်သူများကိုပါ ခွဲဝေချထားပေးမည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ရောက်ပြီးသူများမျ တဖန်ကျေးရွာတွင်းရှိ လူငယ်လူလတ်များကို နည်းပညာမျှဝေပြီး ကိုယ်ပိုင်လုပ်ငန်းများတွင် လက်တွေ့အသုံးပြုနိုင်အောင် ဆောင်ရွက်မည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်စက်၊ယိုနှင့် မုန့်လုပ်နည်း ဆံပင်ညှပ် စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသောသင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းများကိုတက်ရောက်နိုင်ရန်စီစဉ်ပေးမည်။ ထိုသင်တန်းသားများသည် ကျွမ်းကျင်မှုများ တိုးပွားရရှိလာပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန်အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်.

ခ.၃)ကျေးရွာတွင်စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြှင့်လာရေးအတွက်ဆောင်ရွက်မည်။ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မ ခန့်ထားရရှိနိုင်ရေးတို့အတွက်ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာဈေးဆောက်လုပ်ကာကျေးရွာ၏အခြေခံအဆောက်အဦးများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင်ကျေးရွာအဆောက်အဦးများကို အသုံးပြုစီမံခန့်ခွဲ၊ ထိန်းသိမ်းရေးတို့အတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်းတိုးတက်အောင် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်းကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန်တိုက်တွန်းအားပေးဆောင်ရွက်သွားမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စီစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင်စပါးအပြင် မတ်ပဲကို သီးထပ်အဖြစ်စိုက်ပျိုးကြသည်။ တောင်သူများ အတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနိမ်နင်းရေး အတွက်နည်းစနစ်ရရှိရေး လိုအပ်သည်။ ဖျက်ပိုးနိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရရှိသော်လည်း စိုက်ပျိုးရေးထွက်ကုန်းများရောင်းချသည် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှု ပိုများကြသည်။သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက်သီနှံပျက်စီးမှုနှင့်ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာအသုံးပြုမှုများ အပါအဝင် ပိုးမွှားနိမ်နင်းရေးနည်းပညာရရှိရေးအတွက်စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုကြပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ ၊ အလယ်အလတ်နှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန်စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်သည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းအတွက်အထိုက်အလျောက်များပြားသည့်ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် အသင်းအဖွဲ့ဖွဲ့စည်းထားပြီးမရှိသဖြင့် မြို့နယ်သမဝါယမ အသင်းက ချေးငွေလိုအပ်သူရွာသားအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးနိုင်မှု အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန်အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက်အခွင့်အလမ်းရှိပါသည်။သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ ဈေးကွက် သတင်းအချက်အလက်များ လက်လှမ်းမှီမှုတွင်အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ(ကုန်ထုတ်ခြင်း၊ စက်မှု ၊ လက်မှု လုပ်ငန်းအတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးရေးဆွဲခြင်းတွင်ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ကျွန်တော်တို့ကျေးရွာမှ

အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာတစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင်ကျွမ်းကျင်ပညာ ရှင်တစ်ချို့နှင့်တိုးချဲ့ပညာပေးရေး ဝန်ထမ်း အချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှ သည်ကျေးရွာအထိလိုအပ်သောစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများ ကိုဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေရရှိပါမည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်းများသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုးဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာစီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစိမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စိမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
စိုက်ပျိုးရေး					
	၁။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတကျွမ်းကျင်မှုများတိုးတက်ရေး	၉၂	၁	– စိုက်ပျိုးရေးသွင်အားစုများဆက်သွယ်မှု ရရှိရန်။ - ဈေးကွက်နှင့်သတင်းချိတ်ဆက်လုပ်ဆောင်မှု ချိတ်ဆက်ရန်။ - မျိုးကောင်း မျိုးသန့်ထုတ်လုပ်ရေးနည်းပညာသင်တန်း - စပါးအထွက်တိုးနည်းပညာသင်တန်း - ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ဈေးကွက်သို့တက်လှမ်းခြင်း -ရိတ်သိမ်းချေလှေ့စက်များဌားရမ်းနိုင်ရန်ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးလက်ဦးစီး
အခြားဝင်ငွေရလုပ်ငန်းများသင်တန်းစီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း					
	၂။ အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး			– ဈေးကွက်ဆိုင်ရာနည်းပညာသင်တန်းများပေးခြင်း – ဒေသနှင့်သင့်လျော်သောအသက်မွေးဝမ်းကျောင်းပညာများပေးခြင်း -ကုန်ချောထုတ်လုပ်နည်းပညာတိုးတက်ဖွံ့ဖြိုးရေး	

ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း ချေးငွေလက်လှမ်းမှီရေး			
	၃။ သင့်သင့်တော့အတိုးနှုန်း ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့်ချိတ်ဆက်ရေး	- ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ခြင်း - အတိုးနှုန်းသက်သာပြီးကာလရှည် ထုတ်ချေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ခြင်း - ချေးငွေအတွက်လိုအပ်သော အထောက်အထားများတင်ပြခြင်း	–
ပညာရေး			
	၄။ ကျေးရွာ၏ပညာတတ်မြောက်မှုတိုးတက်ရေး	– အ.မက ကျောင်းတွင် ကေဂျီ တန်းအတွက်ကျောင်းဆောင်တည်ဆောက်ရန်။	
ကျန်းမာရေး			
	၆။ ကျေးရွာ၏သောက်သုံးရေ ကိစ္စအဆင်ပြေစေရေး	- ၄ လက်မစက်ရေတွင်းတူးဖော်ခြင်း - လူထုထံမှပူးပေါင်းပါဝင်မှုရယူခြင်း -ပုဂ္ဂလိက အလှူရှင်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအဖွဲများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	
လမ်းပန်းဆက်သွယ်ရေး တံတားကောင်းမွန်စေခြင်း	၇။ ပို့ဆောင်ရေးအခြေခံအဆောက်အဦးများတိုးတက်လာစေရေး	- ကျေးရွာတွင်းလမ်းများအားကွန်ကရိလမ်းခင်းခြင်း	–
လူငယ်ယာဉ်ကျေးမှုနှင့်အားကစားစွမ်းဆောင်ရည်တိုးတက်လာစေရန်			
	၈။။ လူငယ်များအားကစားစွမ်းရည် တိုးတက်လာစေရန်	– အဖွဲ့အစည်းစီမံခန့်ခွဲမှုသင်တန်း – အခြေခံခေါင်းဆောင်မှုသင်တန်း	

–ဆက်ဆံရေးနှင့်ပံ့ပိုးမှုတိုးတက်စေရေးသင်တန်း

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။ ပို့ဆောင်ရေးအခြေခံအဦးများတိုးတက်လာစေရေး	၁	——	——			
၂။ ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး	၂	——	——			
၃။ ဆိုလာမီးရရှိရေးချိတ်ဆက်ဆောင်ရွက်ရေး	၃		——	——		
၄။ သင့်တင့်သောအတိုးနှုန်းဖြင့်ကာလရှည်ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့်ချိတ်ဆက်ရေး	၄	——	——			
၅။ ကျေးရွာ၏ ပညာတတ်မြောက်မှုတိုးတက်ရေး	၅		——			
၆။ ကျေးရွာ၏ သောက်သုံးရေကိစ္စအဆင်ပြေစေရေး	၆	——	——	——	——	——
၇။ လူငယ်များအားစွမ်းဆောင်ရည်မြှင့်တင်ပေးရေး	၇	——	——			
၈။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ	၈	——				
၉။ အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး	၉	——	——	——		

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ပို့ဆောင်ရေးအခြေခံအဆောက် အဦးများတိုးတက်လာစေရေး			√		
၂	ကျေးရွာ၏ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး		√			
၃	ဆိုလာမီးရရှိရေးချိတ်ဆက်ဆောင်ရွက်ရေး			√		
၄	သင့်သင့်တော့အတိုးနှုန်းဖြင့်ကာလရှည် ပေးနိုင်မည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရေး			√		
၅	ကျေးရွာ၏ပညာတတ်မြောက်မှုတိုးတက်ရေး			√		
၆	ကျေးရွာ၏သောက်သုံးရေကိစ္စအဆင်ပြေစေရေး			√		
၇	လူငယ်များစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း			√		
၈	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ			√		

	ဗဟုသုတ ကျွမ်းကျင်မှုများတိုးတက်ရေး					
၉	အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး			√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အစားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ

ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။

ှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များ စသည်တို့ ပါဝင်ပါမည်။

(၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ်အောက်	နို့စို့အရွယ်	၆	၃	၈	၁
၁ နှစ်မှ ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၂၃	၃၆	၅၉	၆
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၄၁	၃၄	၇၅	၇
၉ နှစ်အထက်မှ ၁၄နှစ် အထိ	အလယ်တန်းကျောင်းသား အရွယ်	၅၉	၆၇	၁၂၆	၁၂
၁၄ နှစ်အထက်မှ ၆၀နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၁၄	၃၃၇	၆၅၁	၆၅
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၃၃	၅၆	၈၉	၉
စုစုပေါင်း လူဦးရေ-၁၀၀၉		၄၇၆	၅၃၃	၁၀၀၉	၁၀၀
စုစုပေါင်း အိမ်ထောင်စု - ၁၈၈		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄.၇၇**			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်အိမ်ထောင်စုပေါင်း ၃၈၈ မှ လူဦးရေပေါင်း ၁၀၀၉ ရှိသည်။ တစ် အိမ်ထောင်လျှင်ပျမ်းမျှဦးရေ ၅ ဦးရှိသဖြင့် မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော တစ်အိမ်ထောင်လျှင်လူဦးရေ တိုးပွားမှု ထက် အနည်းငယ်သာပိုလျှက်ရှိသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်လူဦးရေမှာ ၆၅ ရာခိုင်နှုန်းရှိပြီး မှီခိုသူဦးရေမှာ ၁၀၀ သာရှိသောကြောင့် ကျေးရွာ၏ အလုပ်လုပ်နိုင်သော လူဦးရေမှာ အတင့် တင့်ရှိသည်ကိုတွေ့ရသည်။အလုပ်လုပ်နိုင်သောလူဦးရေမှာ အမျိုးသမီးဦးရေထက် ၃.၃၅ ရာခိုင်နှုန်းနည်း သည်ကိုလည်းတွေ့ရပါသည်။ တစ်နှစ်အောက်လူဦးရေမှာ ၉ဦးသာရှိသဖြင့် လူဦးရေမွေးဖွားနှုန်း နည်း သည် ကိုလည်းတွေ့ရသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစု ဝင်လုပ်အား		
၁	စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၆၀		၁၃၈		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၆		၁၂	၅၁	
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-				
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း	-			၄၅	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း				၂	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-		-	-	
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-		-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-		-	-	
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း			-	၁၇	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-		၁	-	
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း			-		
	အလုပ်သမား၊ ကျပန်း၊	-			၂	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစု ဝင်လုပ်အား		
	ရာသီအလိုက် အလုပ်သမား					
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			၁၂၆	
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	–				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား			-	-	
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				-	
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁	-	၃	၁၂	
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-			၃	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂		၆	၁	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစု ဝင်လုပ်အား		
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			၃	
၁၉	**အိမ်များတွင် အဌားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁၁၉				
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	စုစုပေါင်း	**၁၈၈**		**၁၅၉**	**၂၆၆**	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။
လေ့လာတွေ့ရှိချက်။ ။

ကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သော်လည်း အိမ်ခြေ ၁၁၈ အိမ်ရှိသည် အနက် လယ်ယာပိုင်ဆိုင်သူ ၆၀ အိမ်သာရှိပါသည်. ကျဘမ်းအလုပ်သမားများ သည် အိမ်ခြေ ၁၁၉ အိမ်ရှိပါသည်။ ဘွဲ့ရပညာတတ်နည်းပါးပါသည်။သွားဆရာဝန်တစ်ဦးသာရှိပါသည်။ ပန်ရံလုပ်ငန်း ကျောက်တူးဖော်ရေးလုပ်ငန်း အနည်းငယ်ရှိပါသည်။ ပညာရေးဝန်ထမ်းအနည်းငယ်ရှိပါသည်။

(၁.၂.၂)လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၈၀၀၀	၈၀၀၀	၅၀၀၀	၃၀၀၀	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-	
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား	-	-	-	-	

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၁၀၀၀၀	၇၀၀၀	၅၀၀၀	၃၀၀၀	
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-	
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား					
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၅၀၀၀	၃၀၀၀	၃၀၀၀	၂၀၀၀	
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၅၀၀၀	၃၀၀၀	၃၀၀၀	၂၀၀၀	
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-	
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-	

ရင်းမြစ် ... **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

မှတ်ချက်

(၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည်လယ်ယာလုပ်ငန်းအတွက်တစ်နေ့လုပ်အား အများဆုံး လုပ်အားခမှာ ကျား ၈၀၀၀၊ မ ၈၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်အားခမှာ ကျား ၅၀၀၀ မ ၃၀၀၀ ဖြစ်သည်။ သဘာဝရင်းမြစ်ထုတ်လုပ်ရေးတွင်တနေ့တာအများဆုံးလုပ်အားခမှာ ကျား၁၀၀၀၀၊ မ ၇၀၀၀ ဖြစ်ပြီး အနည်းဆုံးလုပ်အားခမှာ ကျား ၅၀၀၀၊ မ ၃၀၀၀ ဖြစ်သည်။ စက်ကိရိယာအိမ်သုံးပစ္စည်း ပြင်ဆင်ရေးအတွက် တနေ့တာအများဆုံးလုပ်အားခမှာ ကျား ၃၀၀၀၊ မ ၂၀၀၀ ဖြစ်သည်။လက်လီလက်ကား ရောင်းဝယ်ရေးတွင် တနေ့တာအများဆုံးလုပ်အားခမှာ ကျား ၅၀၀၀၊ မ ၃၀၀၀ ဖြစ်ပြီးအနည်းဆုံးလုပ်အားခမှာ ကျား ၃၀၀၀၊ မ ၂၀၀၀ ဖြစ်သည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) **ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု**

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေရှင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၃၂၉	သင့်	အနည်းအကျဉ်း	မိုးရေ၊ချောင်းရေ
ယာမြေ /တောင်ယာ	၃၄	ညံ့	မရ	မိုးရေ
ဥယျာဉ်ခြံမြေ	၈	ညံ့	မရ	တွင်းရေ၊ မိုးရေ
အိမ်ခြံဝင်း စိုက်ခင်း	၇	ညံ့	မရ	တွင်းရေ၊ မိုးရေ
နှစ်ရှည်သီးနှံစိုက်ခင်း	-			
ရွှေပြောင်းတောင်ယာမြေ	-			
ကိုင်း/ကျွန်းမြေ	-			
စားကျက်မြေ	-			
ပလပ်မြေ	-			
အခြား	-			
စုစုပေါင်း	၈၅၃			

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်စိုက်ပျိုးသော မြေဧက၃၂၉ ရှိပြီး တောင်ယာမြေ၃၄ ဧက ဥယျာဉ်ခြံမြေ ၈ဧက အိမ်ခြံဝင်းစိုက်ခင်း ၇ဧကရှိသည်။ စိုက်ပျိုးမြေအားလုံး၏ မြေအရည်အသွေးမှာ အသင့်သင့်ကောင်းမွန်သည်။ နှစ်စဉ်မိုးရေနှင့်ချောင်းရေကိုသာ အားကိုးစိုက်ပျိုးကြသည်။မိုးရွာလျှင်အချိန်မှီစိုက်ပျိုးနိုင်ခြင်းမရှိသောကြောင့် သီးနှံအထွက်နှုန်းနည်းသည် ကျေးရွာ၏ အဓိကစိုက်ပျိုးသောသီးနှံမှာ စပါး၊ မြေပဲ၊ ပဲငပိ တို့ဖြစ်သည်။

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
အခြား ရင်းမြစ်များ	မရှိ	လက်လှမ်းမမှီ
အခြားသဘာဝရင်းမြစ်		
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	မရှိ	လက်လှမ်းမမှီ
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	လွယ်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ဓါတ်သတ္တုများမရှိပါ။သဘာဝအရင်းမြစ်ဖြစ်သော လမ်းခင်းကျောက်များ၊သဲများကိုရွာ၏အနောက်ဘက် ဟွေဆွမ်ယ ချောင်းကလေးမှရရှိပါသည်။ တောတောင်များနှင့် နီးသဖြင့် နွားစာ ဆေးဘက်ဝင်အပင်များကိုလည်းလွယ်ကူစွာရရှိနိုင်ပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ ဧကနှင့် အထက်	၅ ဧကနှင့်အထက်	၃ ဧကနှင့်အထက်	
အိမ်အခြေအနေ	သွပ်မိုး၊အုတ်နံကာ	သွပ်မိုး၊ပျဉ်ခင်း၊ပျဉ်ကာ	သွပ်မိုး၊ထရံကာ	သက်ကယ်မိုး၊ကြမ်းခင်း၊ထရံကာ
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	လက်တွန်းထွန်စက်၊ ခြေလှေ့စက်၊ မြက်ရိတ်စက်၊ ကျွဲ၊ရေစုပ်စက်၊ ခိုင်းနွား	လက်တွန်းထွန်စက်၊မြက်ရိတ်စက်၊နွား၊ လှည်း၊ကျွဲ	ထွန်၊ထယ်၊နွား၊ လှည်း	
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ဆန်ကြိတ်စက်၊ မုန့်ကြိတ်စက်	ဟာလာစက်		
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး	စိုက်ပျိုးရေး	ယာအနည်းငယ်ရှိ ကျပန်း	
အိမ်ထောင်စု - ၁၈၈	၂၆ (၁၄ %)	၈၈(၄၇%)	၃၂(၁၇%)	၄၂(၂၂%)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိဥစ္စာဓနအဆင့်ကို ၄ ဆင့်ခွဲခြားထားပါသည်။ အဆင်ပြေသောအိမ်ထောင်စု အဆင့် (၁) အလယ်အလတ် အိမ်ထောင်စုကိုအဆင့် ၂ ဆင်ရဲသောအိမ်ထောင်စုကို အဆင့် ၃ အလွန်ဆင်းရဲသော အိမ်ထောင်စု အဆင့် ၄ ဟူ၍ခွဲခြားထားပါသည်။ အဆင် ၁ တွင်ပိုင်ဆိုင်မှုသည် ၁၀ ဧကနှင့် အထက်သွပ်မိုး ၊ အုပ်နံရံကာ၊ နှင့်နေထိုင်ပြီး လက်တွန်းထွန်စက် ၊ ရွှေလှေ့စက်၊ ကျွဲ နွား လှည်း ထွေလာကျီ မြက်ရိပ်စက်တို့ကို အသုံးပြုပြီးလယ်ယာကို အဓိက စိုက်ပျိုးလုပ်ကိုင်ကြသည်။ အဆင့် ၂ တွင် လယ်၅ကနှင့် ၅ ဧကနှင့်အထက်ရှိ၍ လက်သွန်းထွန်စက် မြက်ရိပ်စက် ကျွဲ နွားလှည်းတို့ဖြင့် အသုံးပြုပြီး နေအိမ်များကို သွပ်မိုး ပျဉ်ခင်း ပျဉ်ကာထားပါသည်။ အဆင့် ၃ တွင် ယာမြေအနည်းငယ်ရှိပြီး လယ်မြေသုံး၅ကနှင့် အထက်ပိုင်ဆိုင်ထား သည်။ အဆင့်(၄)တွင် မြေယာမဲ့ဖြစ်ပြီး သက်ကယ်မိုး ကြမ်းခင်းထရံကာအိမ်များဖြစ်သည်။ မိသားစုများသည် အများအားဖြင့် ဆွေမျိုးများ အထောက်အပံ့များကို ခံယူနေသောမိသားစုများ ဖြစ်သည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

(ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၁၀	၈	ငွေချေးခြင်း ၊ ထောက်ပံ့လှူဒါန်းမှုရရှိခြင်း
၃ လနှင့် ၅ လ အထိ	၁၉	၂၀	ချေးယူ
၆လ မှ ၁၂ လ အထိ	၁၈	၃၀	ချေးယူ

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည်။ဆင်းရဲနှင့် အလွန်ဆင်ရဲမိသားစုများတွင်မရှိပါ။၃ လနှင့် ၆ လအကြား ဝမ်းစာဖူလုံသူ ၁၀ အိမ်ထောင် (၈%) ရှိပြီး ငွေနှင့် ရိက္ခာကို အပေါင်ခံ ပစ္စည်းအဖြစ် အိမ်ခြံမြေ (သို့မဟုတ်) ရေစုပ်စက် (သို့မဟုတ်) ဆိုင်ကယ်/ ရွှေထည် စသဖြင့် ပေးထားရပြီး အတိုးနှုန်း အနေဖြင့် အနည်းဆုံး ၇% မှ ၂၀% အထိပေးရပြီး မူလရွေ့ ထည် ဝယ်ယူသောဆိုင်မှ ချေးယူပါက ၃% ဖြင့် ချေးယူကြရပြီး အမြန်ပြန်ဆပ်ကြရသည်။ ၆ လမှ ၁၂ လအကြားဝမ်းစာဖူလုံသူ ၂၈ အိမ်ထောင်မှာ ဆွေမျိုး၊ မိတ်ဆွေထံမှ ချေးယူကြရပြီး အတိုးအနည်းငယ်သက်သာပါသည်။ လိုသလောက်ချေးငှါးနိုင်ခြင်းမရှိကြပါ။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၁		၁
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၃		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၄		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၂		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိသားစုရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်လူဦးရေ ရှိသည့် ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို တစ်ခုလပ် အိမ်ထောင်စု (၄)စု အခြားဒေသသို့ သွားရောက်လုပ်ကိုင်သည့် ဆင်းရဲသည့် အိမ်ထောင်စု (၂) စု ရှိကြပြီး ၎င်းသို့သည် ထိခိုက်လွယ်မှုမြင့်သည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	အသင့်အတင့်ရှိပါသည်။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၂	သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	လတ်	အသင့်အတင့်ရှိပါသည်။
၃	ရေကြီးခြင်း	နိမ့်	မရှိပါ
၄	မိုးခေါင်ခြင်း	နိမ့်	
၅	အအေးလွန်ကဲခြင်း	နိမ့်	
၆	မုန်တိုင်း	နိမ့်	
၇	ငလျင်	နိမ့်	
၈	မီးဘေး	နိမ့်	
၉	ဆားငန်ရေဝင်မြေ	နိမ့်	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	နိမ့်	
၁၁	သစ်တောပြုန်းတီးခြင်း	နိမ့်	
၁၂	ဌက်ဖျားရောဂါ	နိမ့်	
၁၃	တီဘီရောဂါ	နိမ့်	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	နိမ့်	
၁၅	ပြည်တွင်း ပဋိပက္ခ	နိမ့်	
၁၆	တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု	နိမ့်	
၁၇	လူကုန်ကူးခြင်း	နိမ့်	
၁၈	ဓေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည်	နိမ့်	
၁၉	အခြား	-	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံမှုနှင့်သဘာဝအရင်းမြစ်ရှားပါးမှု အသင့်သင့်ရှိသည်။အခြားထိခိုက်သက်ရောက်ခံရနိုင်မှု အခြေအနေ နိမ့်သည်ကိုတွေ့ရသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	မူးယစ်ဆေး၀ါး
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	နိမ့်	အလွန်မပြေလည်သော အိမ်ထောင်စု
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	လတ်	မိသားစုဦးရေများသော
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/	နိမ့်	

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
	ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ		
၅	မြစ်ကမ်းဘေး နေထိုင်သူများ	နိမ့်	
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ	နိမ့်	
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	နိမ့်	
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	နိမ့်	
၉	ငါးကန်ပိုင်ရှင်	နိမ့်	
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	နိမ့်	
၁၁	လူနည်းစုလူမျိုးများ	နိမ့်	
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ	နိမ့်	
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	နိမ့်	
၁၄	ရွှေတွင်းလုပ်သား	နိမ့်	
၁၅	ဆေးစွဲသူများ	နိမ့်	
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	နိမ့်	
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	နိမ့်	
၁၈	နေရပ်ပြန် အခြေချသူများ	နိမ့်	
၁၉	ရွှေ့ပြောင်းလုပ်သားများ	နိမ့်	
၂၀	ကားသမား	နိမ့်	
၂၁	အခြား	-	

ရင်းမြစ် ... **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ အုန်းစံဆိုင်ကျေးရွာတွင်လူငယ်များသည်မူးယစ်ဆေးဝါများကို သုံးစွဲနေသူများနေသည်။ အမျိုးသမီးဦးဆောင်၍ ဆင်းရဲသောအိမ်ထောင်စုများလည်းရှိသည်။ မြေယာမဲ့ဆင်းရဲသော တောင်သူများလည်း ရှိသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) **ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်း ဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	လယ်သမားအဖွဲ့							
၂	ဓမ္မစကူလ်း							

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	မဟာညြာဘာငွေစုငွေချေး လုပ်ငန်း		
၂	မြတ်ကျွန်းသာငွေစုငွေချေး လုပ်ငန်း		
၃	ဖူလ်တန်ငွေစုငွေချေးလုပ်ငန်း		
၄	အစိုးရမဟုတ်သောအဖွဲ့အစည်း	၂	စုဆောင်းနေ
၅			
၆			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ
လေ့လာတွေ့ရှိချက်။ ။

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၃၃	၇၀.၇	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၉	၂.၁	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကထိ	၁၇	၉	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၃၃	၁၇.၆	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်	၁	.၆	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၈၈	၁၀၀	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုမြေ ယာမဲ့ ၇၀.၇ ရာခိုင်နှုန်း ၂.၅ ဧက နှင့် ၅ဧက ကြား ပိုင်ဆိုင်သူ တောင်သူငယ် (၁၇) အိမ်ထောင်စု ၂.၁ ရာခိုင်နှုန်း ၂.၅ နှင့် ၅ ဧကကြား ပိုင်ဆိုင်သူ တောင်သူလတ် (၃၃) အိမ်ထောင်စု (၁၇.၆) ရာခိုင်နှုန်းနှင့် ၁၂.၅ ဧက ပိုင်ဆိုင်သူ (၁) အိမ်ထောင်နှင့် (.၆) ရာခိုင်နှုန်း ရှိသည်ကို တွေ့ရှိသည်ကိုတွေ့ရသည်။ မြေယာမဲ့ဆင်းရဲသားတောင်သူမိသားစုများမှ တောင်သူကြီးများ ၏ နေ့စားအလုပ်ကိုလုပ်ကိုင်ကြသည်။

(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	ရင်းမြစ်	အစိုးရ /ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု	
				တနှစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)

စဉ်	ရင်းမြစ်	အစိုးရ /ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု	
				တန္နစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်				
၂	ရေလွှဲဆည်	-			
၃	မြစ်ရေတင်စီမံကိန်း	-			
၄	အဝီစိတွင်း	-			
၅	လက်ဝင် ရေတွင်း	-			
၆	စိမ့်စမ်းရေ				
၇	ချောင်းရေ	သဘာဝ	၂၀၀	ရာသီအလိုက်	လုံလောက်မှုမရှိ
၈	အခြား	-			

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေဧကပေါင်း ၃၂၉ ဧကရှိသော်လည်း ၎င်းတို့အနက် ၂၀၀ ဧကမှာ ချောင်းမှ မိုးရာသီသာစိုက်ပျိုးရေရရှိသည် ကျန်စိုက်ပျိုးမြေမှ မိုးရေကိုသာ အားကိုးရသောကြောင့် သီးနှံအထွက်နည်းသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) **အဓိကသီးနှံများနှင့် အထွက်နှုန်း**

သီးနှံ	စုစုပေါင်း စိုက်ဧက	သီးနှံထွက်မှု				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်)	အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်)	မှတ်ချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
မိုးစပါး	၃၂၉	တင်း	၅၀	၁၀၀		၆	၁၁	လတ်	လတ်	
ပဲငပိ	၁၀၀	တင်း	၁၀	၂၀		၁၂	၆	လတ်	လတ်	
မြေမဲ	၂၂၉	တင်း	၁၀	၂၀		၁၂	၆	လတ်	များ	

ရင်းမြစ် ... **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေး ရွာ၏ အဓိကစပါးစိုက်ဧကမှာ စပါး၊ မြေပဲ၊ ပဲပုတ် စသည်တို့ဖြစ်သည်။ စပါးစိုက်ဧက (၃၂၉)ဧက ဖြစ်ပြီး ဇွန်လတွင် စတင်စိုက်ပျိုးကာ စက်တင်ဘာ၊အောက်တိုဘာ တွင်ရိတ်သိမ်းကြသည်။ (၁)ဧက ပျမ်းမျှ ထွက်နှုန်းမှာ (၁) ဧကအနည်းဆုံး(၁၅) တင်းဖြစ်သည်. ပဲပုတ် ထွက်နှုန်းမှာ (၁)ဧကအနည်းဆုံး(၁၅)တင်းမှ အများဆုံး(၂၀)ထွက်ရှိသည်။ သွင်းအားစု လိုအပ်ချက်မြင့် သော ကြောင့် အကျိုးအမြတ်နည်းသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာ ငှားရမ်းလုပ် ကိုင်နေသော တောင်သူ အရေအတွက်	မှတ်ချက်/ အခြေအနေ
	တစ် ဦး ချင်း ပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေ အတွ က်	လယ် သမား ဦးရေ	အရေ အတွ က်	လယ် သမား ဦးရေ		
ထွန်စက်	၁						
လက်တွန်းထွန်စက်	၄၇						ကိုယ်ပိုင်
အစေ့ချ ကိရိယာ							
ရိတ်သိမ်းခြွေလှေ့စက်							
ရိတ်သိမ်းစက်							
ခြွေလှေ့စက်	၄						ကိုယ်ပိုင်
ရေစုပ်စက်	၅၃	-	-	-	-	-	ကိုယ်ပိုင်
ခြေနင်းရေတင်စက်	-						
မြက်ရိတ်စက်	၅၂						ကိုယ်ပိုင်

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ခြွေလှေ့စက်(၄)လုံး၊ ရေစုတ်စက် (၅၃) လုံး ၊ မြက်ရိတ်စက်(၅၂) လုံးရှိပြီး ပုဂ္ဂလိက ပိုင်ဖြစ်သည်။ လယ်ယာသုံးစက်ကိရိယာများမှာ အသေးစားများဖြစ်သောကြောင့် တနိုင်တပိုင်အသုံးပြုနိုင်ကြပြီး အငှားလိုက်လေ့မရှိပါ။ ကျေးရွာအနေဖြင့် စက်ကိရိယာလုံလောက်မှုမရှိပါ။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ)	မြေဆီဩဇာသင့်
ရေရင်းမြစ်	
သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ	နွားချေးအလုံလောက်အလုံလောက်မရှိပါ။
အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး	အနည်းငယ်သုံးနိုင်သည်။
ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ	
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု	

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
များ	
သွင်းအားစုဈေးကွက်	**လက်လှမ်းမှီ**
ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု	**ဈေးကွက်အလုံအလောက်ရှိသည်။**
အခြား	-

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။။။ စိုက်ပျိုးရေးတိုးတက်မှုတွင်အခွင့်အလမ်းများမှာ ကျေးရွာရှိစိုက်ပျိုးမြေများမြေဆီဩဇာအတင့်တင့်ကောင်းမွန်ပြီး နွားချေးအလုံအလောက်မရှိပါ။ အော်ဂဲနစ် ပိုးသတ်ဆေးသုံးစွဲရန် နည်းပညာနှင့် ဗဟုသုတနည်းပါးသည်။ လိုအပ်သောသွင်းအားစုများကို စိုက်ပျိုးရေးဆေးဆိုင်များတွင် လိုသလောက်ဝယ်ယူနိုင်သည်။ စိုက်ပျိုးရေးထုတ်ကုန်ရောင်းချရန် ဈေးကွက်အလုံအလောက်ရှိသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဧယား (၁၈) **သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု	**နည်းပညာလိုအပ်**
မြေဆီဩဇာ အခြေအနေ	**အသင့်အတင့်ကောင်းမွန်**
ငွေကြေးအရင်းအနှီးရရှိနိုင်မှု	**အသင့်အတင့်ကောင်းမွန်**
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု	**မရရှိပါ**
လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ)	**မရှိပါ**
ရေရင်းမြစ်များ ရရှိနိုင်မှု	**ချောင်းရေ**
စိုက်ပျိုးရေမလုံလောက်မှု	**ရှိ**
ဖျက်ပိုးနှင့် ရောဂါ	**အသင့်အတင့်**
ဈေးကွက် လက်လှမ်းမီမှု	**ရှိ**
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	**လိုအပ်**
အခြား	-

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် လယ်မြေတိုးချဲ့ရန်ရှိပြီး ယခုစိုက်ပျိုးနေသော စိုက်ပျိုးမြေများသည် မြေဩဇာအသင့်သင့်ကောင်းမွန်သည်။ ငွေကြေးအရင်းအနှီးလည်းရရှိရန် လိုအပ်ပါသည်။ စိုက်ပျိုးရေ အချိန်မှီရရှိမှု နည်းပါးပြီး လုပ်ငန်းကျွမ်းကျင်မှုလည်း လိုအပ်ပါသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖျက်ပိုးများဝင်လာတတ်ပါသည်။ မိုးညှင်းမြို့နှင့် အလှမ်းမဝေးသောကြောင့် ဈေးကွက်လက်လှမ်းမှီပါသည်။

မိုးညှင်းမြို့နှင့် အလှမ်းမဝေးသောကြောင့် ဈေးကွက်လက်လှမ်းမှီပါသည်။ စိုက်ပျိုးရေးကို ကျွမ်းကျင်စွာ မပြုနိုင်ခြင်းကြောင့် စိုက်ပျိုးရေးဌာနမှ နည်းပညာ အကူအညီ လိုအပ်ပါသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
ခိုင်းနွား	၅၇	၅၄	
နို့စားနွား			
မြင်း			
ကျွဲ			
မြည်း			
လား			
ဆိတ်			
သိုး			
ဝက်			
ကြက်			
ဘဲ			
နွားနောက်			
အခြား	-	-	
ငါးလုပ်ငန်း			
ငါးကန်	-		
ပုဇွန်ကန်	-		
ဂဏန်းမွေးမြူရေးလုပ်ငန်း	-		
ရေချို ငါးဖမ်းလုပ်ငန်း	-		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-		
အခြား	-		

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် မွေးမြူရေးလုပ်ကိုင်သူ နည်းပြီး လယ်ရှိသောအိမ်ထောင်စု အနည်းငယ်သာ ခိုင်းနွား (၅၄)ကောင်သာမွေးမြူကြသည်။

(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	**စားကျက်ရရှိနိုင်မှုအသင့်အတင့်**

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
ရေရရှိမှု	**အသင့်အတင့်ရ**
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	အသင့်အတင့်ရ
ချေးငွေ	အသင့်အတင့်ရ
သွင်းအားစုဈေးကွက်	အသင့်အတင့်ရ
ဝန်ဆောင်မှုဈေးကွက်	**ကောင်း**
ထုတ်ကုန်ရောင်းဝယ်မှု	**သင့်**
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	**အသင့်အတင့်ရ**
အခြား	-
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	-
ချေးငွေ	-
သွင်းအားစု လက်လှမ်းမီမှု	-
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	-
ထုတ်ကုန်ရောင်းဝယ်မှု	-
အခြား	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

